
mgyoe.com SAMPLE BOOK



ဝတုဏ္ဍအကြိမ်

mgyoe.com

mgyoe.com SAMPLE BOOK



နှံ-မယ်လွင်၊ 4500 Ks

9785 1141 62161

mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသည့်အကြိမ် | - | စတုတ္ထအကြိမ်၊ ဇူလိုင်လ၊ ၂၀၂၃ ခုနှစ်။ |
| | - | တတိယအကြိမ်၊ မတ်လ၊ ၂၀၂၂ ခုနှစ်။ |
| | - | ဒုတိယအကြိမ်၊ ဖေဖော်ဝါရီလ၊ ၂၀၂၁ ခုနှစ်။ |
| | - | ပထမအကြိမ်၊ ဇန်နဝါရီလ၊ ၂၀၂၁ ခုနှစ်။ |
| ထုတ်ဝေသူ | - | ဦးမင်းထက်ဟာန်၊<br>တောင်ဇလပ်နီစာပေ (၀၂၇၇၄) |
| ပုံနှိပ်သူ | - | ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆)<br>အမှတ် (၈)၊ အိမ်ကြီးလမ်း၊ ရေကျော်၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်အတွင်းပန်းချီ | - | မြင့်မောင်ကျော် |
| စာစစ် | - | ဇလပ်နီ |
| စာအုပ်ချုပ် | - | ဖူးပွင့်မွေး |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၄၅၀၀ ကျပ် |

၈၀၈.၈၄

မယ်လွင့်

နံ့၊ မယ်လွင့်၊ - ရန်ကုန်။

တောင်ဇလပ်နီစာပေတိုက်၊ ၂၀၂၃။

စာ-၁၄၄၊ ၁၂.၅ × ၁၈.၅ စင်တီ

(၁) သူရယ်၊ ကျမရယ်၊ သူတို့ ကျမတို့ရယ်

(၂) နံ့


mgyoe.com

mgyoe.com SAMPLE BOOK

မာတိကာ


၁။ သူ့ရယ်၊ ကျွမရယ်၊ သူတို့ ကျွမတို့ရယ် ၇


၂။ နံ့ ၈၉


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



သူရယ်၊ ကျမရယ်၊ သူတို့ ကျမတို့ရယ်

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း- ၁

ပြောပြရမယ် ဆိုရင် ဒီဇာတ်လမ်းမှာ ကျမက ဗီလိန်သက်သက်ပါပဲ။ ဒီနိုင်ငံဖြစ်ဖြစ်၊ နိုင်ငံတကာဖြစ်ဖြစ် စံနှုန်းအရတော့ ကျမက ဖောက်ပြန်နေတဲ့ မိန်းမပေါ့။ တရားဝင်ယောကျ်ားအပြင် နောက်ထပ် အတူအိပ်ဖော် ယောကျ်ားတယောက် ကျမမှာ ရှိနေသေးလို့လေ။ ရိုင်းရိုင်း ပြောရရင်တော့ ဖင်ဆောတယ်ပေါ့လေ။ ပြောတော့သာ လွယ်တာ.. လင်ငယ် နေရတယ် ဆိုတာ သိပ်လွယ်တဲ့ ကိစ္စတော့ မဟုတ်ဘူး။

အဲဒီ တရားမဝင် လင်ကလေးကို ကျမက အိပ်ရာထဲမှာ နေရုံ၊ တီတီတာတာ စကားလေး ပြောရရုံလောက်ပဲ တပ်မက်ပေမဲ့ ဒီနိုင်ငံရဲ့ စံနှုန်းအရ သူ့ကို ချစ်တယ်၊ အချစ်နဲ့ ပတ်သက်နေတာ ဆိုတဲ့ ပုံစံမျိုးနဲ့ ကျမဘဝထဲမှာ တွဲချည်ထားလိုက်ရတာပဲ။ သူရော၊ ကျမရောက ပိုက်ဆံလိုလို့ ပတ်သက်နေကြတာမှ မဟုတ်ဘဲဟာ။ တကယ်တမ်းက ကျမက သူ့ကို ဘယ်တုန်းကမှ မချစ်မိခဲ့ဖူးပါဘူး။

ဇလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK



အသက်ငယ်ငယ် အရွယ်တုန်းကတော့ အိမ်ထောင်ရေး ဆိုတာ ချစ်ခြင်းမေတ္တာနဲ့ တည်ဆောက်တယ်လို့ စိတ်ကူး ကောင်းကောင်း ယဉ်ဖူးခဲ့တာပေါ့။ တကယ်တမ်း အိမ်ထောင်ကျလာတဲ့ အချိန်ကျတော့မှ အိမ်ထောင်ရေး ဆိုတာ မေတ္တာရယ်၊ လိင်မှုကိစ္စရယ်၊ ငွေကြေးရယ်နဲ့ တည်ဆောက်ရတဲ့ သုံးနားညီ တြိဂံလိုမျိုးလို့ သိလာခဲ့တယ်။ အင်း... သုံးနားက မညီရင်တောင် အဓိက ပါဝင်ပစ္စည်းကတော့ ဒီသုံးခုပေါ့လေ။ ကျမ ခင်ပွန်းဟာ ကျမအတွက် အချစ်နဲ့ ငွေကြေးကို ဖြည့်ဆည်းပေးနိုင် ပေမဲ့ လိင်မှုရေးရာမှာတော့ ကျမ အလိုပြည့်အောင် သူ မဖြည့်ဆည်း ပေးနိုင်တော့ဘူး။

မှတ်ရလွယ်အောင် ပြောရမယ် ဆိုရင် တရားဝင် ခင်ပွန်းက ကိုကို၊ တရားမဝင် လင်ကလေးကို မောင်မောင်လို့ပဲ သတ်မှတ်လိုက် ကြရအောင်။

ကိုကိုကတော့ ကျမထက် အသက် ဆယ့်လေးနှစ် ကြီးပြီး မောင်မောင်ကတော့ ကျမထက် နှစ်နှစ် အသက်ကြီးတယ်။ မိန်းမတွေရဲ့ စိတ်ဆန္ဒ အပြင်းထန်ဆုံး အရွယ်ဟာ ၂၆ နှစ်တဲ့ ...၊ ဒီအယူအဆ မှန်မယ် လို့ ကျမ ယုံကြည်တယ်။ ကျမရဲ့ တရားဝင်ခင်ပွန်း ဖြစ်တဲ့ ကိုကိုနဲ့ ပြုထား တဲ့ သစ္စာကို အချစ်လို့ ပေါက်ကရ ခေါင်းစဉ်တပ်ပြီး တခြားတယောက်နဲ့ အိပ်ပစ်လိုက်ဖို့ ဒီစည်းကို ကျော်ခဲ့တဲ့ ကျမရဲ့ အသက်ဟာ နှစ်ဆယ့် ခြောက်နှစ်ပဲ။

ကိုကိုက အလုပ်ပင်ပန်းတာရော၊ အသက်ရောကြောင့် ကျမ အပေါ်မှာ သာယာမှု ပေးနိုင်တာ လျော့လာတယ်။ အိပ်ရာထဲတွေမှာ ကျမ အဆင်မပြေတဲ့နေ့တွေ များလာတယ်။ ကျမဘေးမှာ တရှူးရှူး အိပ်ပျော်သွားတဲ့သူနဲ့ အလိုမပြည့်တော့တဲ့ ကျမကြားမှာ ချစ်ခြင်း



mgyoe.com

mgyoe.com
SAMPLE BOOK


မေတ္တာတို့၊ စီးပွားရေးတို့ ဆိုတဲ့ ထောက်တိုင်တွေဟာ အလိုလို ကျုံ့ဝင်သွားကြတယ်။ ဒီလိုဆိုရင် ဆန္ဒမပြည့်ဝရုံနဲ့ မိန်းမတွေက အလွယ်တကူ ဖောက်ပြန်တတ်ကြသလားလို့ မေးလာခဲ့ရင် ကျမ မဖြေတတ်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ကျမက တခြားမိန်းမတယောက်ယောက်ကို ကိုယ်စားပြုနေတာမှ မဟုတ်တာ။ ဖောက်ပြန်တာက ကျမပဲကိုး။ ကျမ ခင်ပွန်းနဲ့မှ မဟုတ်ရင် တခြား ဘယ်တယောက်ယောက်ကို ပတ်သက်ရရင် ကောင်းမလဲလို့ အသိတဝက် မသိစိတ်တဝက်နဲ့ ရှာနေတဲ့ အဲဒီအချိန်မှာ ကျမ မောင်နဲ့ စတွေ့ခဲ့တယ်။

ကျမ မောင့်ကို ချစ်သလား…။

ဟင့်အင်း။ ကျမ ကိုကို့ကို ချစ်တာ။ ပျော်တာတွေ၊ ဝိုချင်တာတွေ အရာရာကို ကိုကိုနဲ့ပဲ မျှဝေချင်တာ…၊ မောင်မောင့်ကိုကျတော့ ကျမ သူ့ကို စတွေ့တဲ့အချိန် ဒီဘဲက တောင့်တယ်၊ အားလည်းသန်တယ်… ငါ သူနဲ့ အိပ်လိုက်ရရင် ဆိုတဲ့ အတွေးနဲ့ ကျမ စခဲ့တာ။ ကိုကိုနဲ့တုန်းကလို ချစ်လို့ တွဲပြီးကာမှ အိပ်ရာထဲ ရောက်ကြတာမျိုး မဟုတ်ဘူး။ ကျမနဲ့ သူ အိပ်ရာထဲ ရောက်ချင်လို့ သူ့ကို ချစ်ကြည့်ဖို့ ကြိုးစားခဲ့တာ။

ချစ်မှုရေးရာမှာလား…။

ကိုကိုက သာတယ်၊ တော်တော် ကျွမ်းကျင်တယ်။ အပြုစုအယုယ အတော်လေးကို ကျွမ်းကျင်တယ်။ မိန်းကလေးတွေရဲ့ ခံစားမှုအထွတ်အထိပ်ကို သိတယ်။ ဒါပေမဲ့ အင်ပြည့်အားပြည့် သိပ်မရှိတော့ဘူး။ အသက် ၄၀ လေ။ သူ အင်အား အရမ်းသုံးလိုက်ရင် မောလာတတ်တယ်။ တညကို တကြိမ်ပဲ၊ ပြီးတော့ အများအားဖြင့် အဲဒီတကြိမ်ဟာလည်း သူ ကျေနပ်သွားတဲ့ တကြိမ်ပေါ့။ ကျမအတွက် ဘာမှ


mgyoe.com

mgyoe.com SAMPLE BOOK



မဖြစ်လိုက်သေးပေမဲ့ သူ မောနေမှန်းသိလို့ ကျမ အဆင်ပြေသွား သလိုမျိုး ဟန်ဆောင်ပေးရတတ်တယ်။ ကျမ စိတ်ထဲမှာ ဒီလိုတဝက် တပျက် အခြေအနေကြီးမှာ မောင်မောင်နဲ့သာ ဆိုရင်လို့ တွေးနေပေမဲ့ လို့ပေါ့။ ဒါဟာ... လင်မယားကြားမှာပဲ ထုတ်ဖော်ပြနိုင်တဲ့ ချစ်ခြင်း မေတ္တာပဲ မဟုတ်လား။

မောင်မောင်ကျတော့ မကျွမ်းကျင်ပေမဲ့ လုံးဝကို အင်ပြည့် အားပြည့် ရှိတယ်။ အပြုစု အယုယတွေ လုံးဝ မတတ်ဘူး...။ မောင်မောင့် ကိုင်တွယ်ပုံတွေက ကြမ်းတမ်းတယ်၊ အရိုင်းဆန်တယ်။ ကျမနဲ့ ဆုံတဲ့ အခါ အတူတူသောက်မယ်၊ ရီဝေဝေ ဖြစ်လာတာနဲ့ ကျမကို တင်းနေ အောင် ဖက်မယ်၊ ပါးတွေ၊ လည်ပင်းတွေကို မွတ်မွတ်သိပ်သိပ် နမ်းမယ်။ ပြီးတော့ ကျမတို့အတူ အိပ်ရာပေါ်ကို ရောက်သွားကြမယ်။

မောင်မောင်က ကျမဆီက ထွက်လာတတ်တဲ့ ညည်းညူသံ တွေကို သဘောကျတယ်။ အင်း... သူ သဘောကျအောင်လည်း ကျမက နေတတ်ရတာပေါ့။ အချိန်တိုင်း အော်နေ၊ မျက်စိကြီး မှိတ်ပြီး အပြစ်ကင်းသလို ဟန်ဆောင်နေရအောင် ဂျပန်ကျောင်းသူဇာတ်ကား မဟုတ်ဘူးလေ...နော်။ အိမ်ထောင်သည် တယောက်ပေမဲ့ သူနဲ့ နေရတာ အတိုင်းအဆမဲ့ ကျေနပ်မှု ရှိပါတယ် ဆိုတဲ့အကြောင်း သူ ကျေနပ်အောင် ကျမ ဖော်ပြရမှာပဲ။ ဒါမှ သူ ကျမနဲ့ နေရတာကို စွဲလမ်း လာလိမ့်မယ်။ လူတွေ ကျမအပေါ် စွဲလမ်းလာအောင် လုပ်ရတာတွေကို ကျမ သဘောကျတယ်။

သူနဲ့ အတူနေပြီးလို့ အိမ်ပြန်ချိန်ကျရင် ကားပေါ်မှာ စကား ပြောရင်းနဲ့ အကြောင်းဆက်စပ်တဲ့အခါ ခုနကကျတော့ အော်တယ် လေလို့ သူက တမ်းတမ်းတတနဲ့ ပြန်ပြောတဲ့အခါ "မောင်နော်... ဘယ်



mgyoe.com

mgyoe.com SAMPLE BOOK


သူက အော်လို့လဲ" လို့ ဆိုပြီး ကျမ ရှက်သွားသလိုဟန်နဲ့ နှုတ်ခမ်းကိုက်ပြတတ်တယ်။ အဲဒီအခါကျရင် သူက တဟားဟား ရယ်ပြီး "အင်း.. အော်တာ မဟုတ်ပါဘူး... သူ့ဟာသူ အသံတွေ ထွက်လာတာ" လို့ ကျမ အပေါ်မှာ လွှမ်းမိုးနိုင်လို့ (ကျမကို ဖြုတ်လိုက်နိုင်လို့) သူကိုယ်သူ ကျေနပ်နေတဲ့ အကြည့်တွေနဲ့ ကျမကို မက်မက်မောမော ကြည့်တတ်တယ်။

ဟန်ဆောင်တယ် ဆိုတာ ကျမအဖို့ သိပ်သင်စရာ မလိုတဲ့ ပညာပါ။ ကျမက သူ့ကို အရူးအမူး ဖြစ်နေတယ်လို့ ထင်ပြီး ကျမနဲ့ တွေ့ဖို့ကိစ္စမှာ သူ စွဲလမ်းနေအောင် လုပ်ထားရတာကို သဘောကျတယ်။ မကောင်းဘူးလို့တော့ သိတာပဲ...၊ ခက်တာက အသိတရားက သက်သက်၊ လိုက်နာလုပ်ဆောင်တာက သက်သက် မဟုတ်လား။

ကိုကိုနဲ့ နေတဲ့အခါ မောင်မောင့် အထိအတွေ့တွေကို သတိရတယ်။ ဒါပေမဲ့ ကိုကိုနဲ့က ချစ်ခြင်းမေတ္တာ ပါတယ်။ မောင်မောင့်ကို ကျမ တော်တော် ကြိုက်ပါတယ်...၊ ကြိုက်တာပဲနော်။ ရမ္မက်ပြင်းပြင်းနဲ့ နမ်းတာတွေ၊ ကျမကိုယ်လုံးကို ခွေ့ခနဲနေအောင် ခါးကနေ ဆွဲပွေ့တာတွေ...၊ ဒီသန်မာမှုတွေက မိန်းမတယောက်အတွက် မက်လောက်စရာ မဟုတ်ဘူးလား။ အိမ်ထောင်ရေးမှာ စိတ်ချမ်းမြေ့လုံခြုံမှုအတွက် ကျမ ကိုကို့ကို လိုအပ်ပြီး အိပ်ရာပေါ်က သာယာမှုအတွက်တော့ မောင်မောင်နဲ့ နေရတာကို ပိုပြီး သဘောကျမိတယ်။

ယောက်ျားတွေက သူတို့အတွက်ကို အရောင်တင်ပေးနိုင်တဲ့ သက်ပြင်းတရှိုက်၊ နှုတ်ခမ်းတပွင့်၊ ညည်းတွားသံသဲ့သဲ့တွေနဲ့ သူတို့ မောင်းနှင်အားကို မီးရှို့ပေးနိုင်မယ့် အရာတွေကို ပိုပြီး စွဲလန်းတပ်မက်ကြတယ်။ အတူနေပြီးသွားတဲ့အခါလည်း အားတွေ၊ အင်တွေနဲ့ ရယ်ပြ


mgyoe.com

mgyoe.com SAMPLE BOOK


နေလို့ မရဘူး၊ တကိုယ်လုံး အဝတ်စလေးလို ပျော့ဖတ်နွမ်းနယ်နေတဲ့ မိန်းမ တယောက်ရဲ့ဝတ်လစ်စလစ် ပုံရိပ်ဟာ ယောကျ်ားတွေရဲ့ စိုးမိုးလို စိတ်ကို အတိအကျကြီး အရောင်တင်ပေးနိုင်တယ်လေ။

ဒါတွေကိုသာ သေချာသိထားမယ်ဆိုရင် ယောကျ်ား တယောက်ကို ကိုယ့်ဘေးက ထွက်မသွားနိုင်အောင် ထိန်းချုပ်ရတာ အင်မတန်ကို လွယ်လာလိမ့်မယ် မဟုတ်လား။

❑


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း-၂

မောင်မောင်က မကျွမ်းကျင်ဘူး ဆိုတာက ကျမရဲ့ စံနှုန်းအရ ပြောတာ။ ကျမက 'မောင်ရေ နင် အပြာကားတွေ မကြည့်ဖူးဘူးလား" ဆိုတော့ လူပျိုဘဝက ကြည့်တယ်၊ လိုက်မလုပ်ရဲပါဘူး'တဲ့။ လိင်မှုကိစ္စမှာ အတွေ့အကြုံ ရင့်တဲ့သူတွေဟာ အတွေ့အကြုံ ရှိပြီးသား လူကိုပဲ သဘောကျတတ်ကြတယ်တဲ့။ လိင်မှုကိစ္စကိုတောင် Comfort Zone မှာ သာယာကြတာမျိုးပေါ့။ ကျမတော့ အဲဒီထဲ မပါဘူး။ ကျမ မောင်မောင့်ကို သဘောကျတယ် ဆိုတာ သူ့ရဲ့ အတတ်ဆန်း မထွင်တတ်မှုတွေကို သဘောကျတာ။ ကျမကို ဦးဆောင်သွားဖို့ထက် ကျမ လိုချင်သလို ပုံသွင်းနိုင်မယ့် Sex Partaner ကိုပဲ ကျမက လိုချင်တာမို့လို့။

မောင်မောင်ဟာ ရှာမှရှားတဲ့လူ။ သူ့ဇနီးကိုတောင် အိမ်ထောင်သက် သုံးနှစ်အထိ နှုတ်ခမ်းကို မနမ်းဖူးဘူးတဲ့။ သူ့အမျိုးသမီးက ရိုးတာလည်း ပါမှာပေါ့နော်။ သူတို့အဖြစ်က ဒီနေ့လို ခေတ်ကြီးမှာ ဆန်းပြားလွန်းလို့ ကျမက ဘာဖြစ်လို့ မနမ်းဖူးကြတာလဲလို့ မေးတဲ့အခါ 'မြန်မာတွေ လုပ်တတ်တဲ့ အလုပ်မျိုးမှ မဟုတ်တာ'တဲ့။ ကျမလေ သူ့ကို Fb မှာ တွေ့ဖူးတဲ့ ကုန်းဘောင်ခေတ်ရဲ့ Sex Position သရုပ်ပြတဲ့ပုံတွေ


mgyoe.com

mgyoe.com SAMPLE BOOK


ပြချင်လိုက်တာဆိုတာ၊ 'မောင်ရယ် မင်း သိပ်အတာပဲ' လို့ပေါ့။ ရယ်လိုက်ရတာ မျက်ရည်တောင် ထွက်တယ်။

အဲဒီတုန်းက ကျမ သူနဲ့ မအိပ်ရသေးဘူး။ မှီတယ်၊ ဖက်တယ်၊ ပါးကို နမ်းတယ် ဆိုတဲ့ သမရိုးကျ ရည်းစားထားတဲ့ လမ်းကြောင်းပေါ် မှာပဲ ရှိနေသေးတယ်။ အဲဒီနေ့က ကျမ သူ့နှုတ်ခမ်းကို နမ်းနေကျထက် ခပ်ဖိဖိ ပိုနမ်းခဲ့ပြီး 'အိမ်ရောက်ရင် စမ်းကြည့်ပေါ့' လို့ မှာခဲ့တယ်။ နောက် တခေါက် မောင်နဲ့ ကျမ တွေ့ကြတဲ့အခါ 'အခြေအနေ ဘယ်လိုလဲ' လို့ မေးတော့ 'အတတ်ဆန်းတွေ ဘယ်က သင်လာတာလဲ' လို့ သူ့ကို မေးတယ်ဆိုလို့ ကျမ အော်ရယ်ခဲ့တယ်။ 'နမ်းပြစမ်းပါ မောင်ရယ်' ဆိုတော့ ရှက်ကိုးရှက်ကန်းနဲ့ ကျမ နှုတ်ခမ်းတွေကို သူ နမ်းတယ်။ လှောင်ပြုံးဆန်တဲ့ အပြုံးနဲ့ 'မောင်က ဘာမှလဲ မတတ်ပါဘူးကွာ' လို့ ကျမက ပြောတော့ သူ လုပ်နိုင်ပါတယ် ဆိုတာ ပညာပြဖို့ ကြိုးစားတော့ တာပဲ။

လူတွေ၊ အထူးသဖြင့် ယောက်ျားတွေရဲ့ မခံချင်စိတ်တွေ တဟုန်းဟုန်း တောက်လောင်လာဖို့အတွက် မီးထိုးပေးရတာဟာ သိပ်ကို အရသာရှိပါတယ်။

လူတွေသာ ဒီစာကို ဖတ်မိရင် ကျမဟာ ကျမအိမ်ထောင်ကို ဖောက်ပြန်ရုံတင်မက၊ သူများကိုပါ အိမ်ထောင် ဖောက်ပြန်စေတတ်တဲ့ မိန်းမယုတ်လို့ မြင်စရာတွေ ဖြစ်လာပေမဲ့ ဂရုစိုက်မနေပါဘူး။ လူတိုင်း ရဲ့ စိတ်ထဲမှာ ဖုံးကွယ်ထားတဲ့ သားရဲစိတ်က ရှိနေတာပဲ။ လူတွေမှာ ကိုယ် ဘယ်လိုလူ ဆိုတာကို လက်ခံလိုက်တဲ့သူနဲ့ လက်မခံနိုင်ဘဲ ဖိနှိပ်ထားတဲ့သူ နှစ်မျိုးပဲ ရှိတယ်။ နောက်ပြီး မောင်နဲ့ ကျမရဲ့ ပတ်သက် မှုဟာ ကျမဘဝထဲကို သူ ဝင်မရှုပ်၊ သူ့ဘဝထဲကို ကျမ ဝင်ရှုပ်စရာ မလိုတဲ့


mgyoe.com

mgyoe.com
SAMPLE BOOK


ပတ်သက်မှုမျိုးကို ကျမတို့ တည်ဆောက်ထားတာ။ အလုပ်ကိစ္စအတွက် သူနဲ့ တွေ့တယ်။ ပြီးသွားရင်တော့ သူနဲ့ လုပ်မယ့်ကိစ္စအတွက် အချိန်ကို Extension ထပ်ယူတယ်။

ကျမနဲ့ တွေ့ချိန်မှာ မောင်မောင်က သူ့မိသားစုနဲ့ ပတ်သက်တဲ့ သောကတချို့ကို ရင်ဖွင့်ပြတတ်တယ်။ ဒါပေမဲ့ အဲဒီသောကတွေ အေးချမ်းဖို့ ကျမဆီက အကြံဉာဏ် တောင်းနေတာမျိုးလည်း မဟုတ်ဘူး။ ဒီလိုပဲ စိတ်ထဲ မကျေလည်တာမျိုးတွေကို ရောက်တတ်ရာရာ ပြောတဲ့ သဘောပေါ့။ ပြီးရင် သွားနေကျ မိုတယ်တခုခုကို သွားမယ်။ သူမှာ ပါလာတဲ့ Weed ကို မျှသောက်မယ်။ ဘီယာ သောက်မယ်။ အိပ်ရာပေါ် သက်သောင့်သက်သာ လှဲပြီး ရောက်တတ်ရာရာတွေ ပြောကြမယ်။ ဒါမှမဟုတ်လည်း တီဗွီ ဖွင့်ထားပြီး ပြနေတဲ့ အင်္ဂလိပ်ဇာတ်ကား တခုခုကို ကြည့်မယ်ပေါ့။ ပြီးမှ ရှေ့ကို တလှမ်းတိုးကြတာပေါ့။

ပထမဆုံးအကြိမ် အတူနေကြတုန်းက မောင်မောင်က ကျမ ထက်ပိုပြီး အရက်မူးနေခဲ့တာ။ အင်း... အရက်သောက်တဲ့ ခံနိုင်ရည်မှာလည်း မောင်မောင်က ကျမထက် နုပါတယ်။ မောင်မောင်က ကျမကို ပြောဖူးတယ်။ သူကိုယ်သူ 'မောင်က လူဆိုးကြီးနော်၊ အခု ပေါင်းလာတာကြာမှ မောင် ဆိုးတာတွေ သိပြီမှတ်လား၊ နောက်မှ ကြောက်တယ်ဆိုပြီး ပစ်မသွားနဲ့' တဲ့။ ကျမ ပြုံးပဲ ပြုံးနေလိုက်တယ်။ ကျမ အပြုံးတွေကို မောင်မောင်က သေသေချာချာ အဓိပ္ပါယ် မဖော်တတ်ဘူးလေ။ သူက ဆိုးတယ်ဆိုတာ နည်းနည်းလေး စိတ်ကြမ်း၊ ကိုယ်ကြမ်း ရှိရုံရယ်၊ ဘာဘာညာညာတွေကို သုံးတတ်စွဲတတ်ရှိရုံ၊ သာမန်ယောကျ်ားဆန်ရုံ လောက်ပါ ဆိုတာကို သူကိုယ်သူ မသိရှာဘူး။ တကယ့်သားရဲစိတ်ဟာ ကျမ ကိုယ်ထဲမှာ ဆိုတာတွေကို မောင်မောင် မသိပါဘူး။


mgyoe.com

mgyoe.com
SAMPLE BOOK


ကျမတို့ နှစ်ယောက်စလုံးမှာ ကလေးမရှိဘူး။ ဒါဆို ဒီလို သဘောကျနေကြရင် သက်ဆိုင်သူတွေကို ကွာပြီး ယူလိုက်ကြပါလား လို့တော့ မပြောစေချင်ဘူး။ ဘာလို့လဲဆိုတော့ ကျမတို့က လူမှုရေးပဲ ဖောက်ပြန်တာ၊ စိတ်ဓာတ် အောက်တန်းကျနေတာ မဟုတ်ဘူး။ ဘာမှ မသိကြသေးတဲ့ ကျမတို့ ရွေးချယ်ပြီးသား လက်တွဲဖော်တွေရဲ့ တည်ငြိမ် နေတဲ့ ဘဝကို ကျမတို့ မနှောင့်ယှက်ချင်ဘူး။ သူ့ဝန် သူထမ်း၊ ကိုယ့်ဝန် ကိုယ်ထမ်းမယ်။ နှစ်ပတ်တခါ တွေ့မယ်။ တခါတလေ မက်ဆေ့ချ်တ စောင်စီလောက် အပြန်အလှန် ပို့ကြမယ်၊ ဒီလောက်ပဲ။ လိင်ကိစ္စ ဆိုတာ ကျမအတွက်တော့ Entertainment တခုပဲ။ ကျမ ခင်ပွန်းဆီက မရ နိုင်တာ တချို့တလေကို အပြင်မှာ ရှာဖွေတာလောက်ပဲ။ ဒီထက် ဘာမှ မပိုဘူး။

ယောက်ျား ရှားလို့လားလို့ မေးရင် ယောက်ျားကတော့ မရှားပါ ဘူး၊ ကျမ လိုချင်တဲ့ ပုံစံမျိုး ရှိတဲ့လူပဲ ရှားတာ။ ယောက်ျားတွေအနေနဲ့ သန့်တာလေး မြင်ရင် ဥထားချင်တတ်တဲ့ သဘာဝလိုမျိုး၊ ကျမ ကလည်း ကျမ စိတ်တိုင်းကျ ရွေးချယ်ထားတဲ့အရာကို စိတ်အပန်းဖြေဖို့ သက်သက် အသုံးချရုံလောက်ပေါ့။ တယောက်ကို တယောက် စောက် ရမ်းတွေ ငြိတွယ်နေလို့ မရကြဘူး ဆိုတာ ကျမတို့ နှစ်ယောက်စလုံး သိပြီးသားပဲဟာ။ သာယာမှု ရှာတယ် ဆိုတာ တကယ် သာယာကြဖို့ပဲ လိုတာ မဟုတ်လား။ ကျမနဲ့ မောင်မောင်ဟာ အရှုပ်တွေ လုပ်နေကြ ပေမဲ့ အဲဒီအရှုပ်အထွေးထဲမှာ ရှင်းအောင် နေတတ်ကြတယ်လို့ အဲဒီ အချိန်တုန်းကတော့ ကျမ ယုံကြည်နေခဲ့မိတယ်။

❑


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း- ၃

လူတယောက်ကို မြှုဆွယ်ကျူးသွင်းဖို့ ဆိုတာ သူက ကိုယ့်အပေါ် အထင်ကြီးရင်းစွဲ ရှိဖို့လိုတယ်။ မောင်မောင်ဟာ ပညာအရည်အချင်း ရော လူနေမှုမှာပါ ကျမထက် မဆိုစလောက်လေး နိမ့်ပါးတဲ့ အခြေ အနေ ရှိတယ်။ အလုပ်ကိစ္စတခုမှာ လမ်းကြုံလို့ အကြံပေးမိရာကနေ မောင်မောင်နဲ့ ကျမရဲ့ ဇာတ်လမ်းက ရှေ့ဆက်ဖို့ ဖြစ်လာခဲ့တယ်။ ကျမ ဟာ မောင်မောင့်ကို လွှမ်းမိုးလွှမ်းနိုင်ခဲ့တဲ့အတွက် ကောင်းတာက မောင်မောင်ဟာ ကျမ ဘယ်လောက် အနိုင်ကျင့်ကျင့် (အော်တာ၊ ဆူ တာ၊ စိတ်ကောက်တာ၊ ရစ်တာ မှန်သမျှကို) 'ခဏလေးပါ ကောင်မလေး ရယ်... ခင်ဗျားလေး စိတ်တိုင်းကျအောင် မောင် လုပ်ပေးပါ့မယ်' ဆိုပြီး အရာရာကို နာခံ အလျှော့ပေးလာတာပဲ။ မကောင်းတာကတော့ ကျမ မပါဘဲနဲ့ ဂျင်းအင်္ကျီ တထည်ကိုတောင် သူ့ဟာသူ အဖြစ်ရှိအောင် မဝယ် တတ်တော့တာပါပဲ။ မောင်မောင်ဟာ လူကြားထဲမှာ ဒူးထောက်ပြီး



mgyoe.com

mgyoe.com
SAMPLE BOOK


ကျမရဲ့ ဖိနပ်တွေကို ကြိုးချည်ပေးဖို့ ဘယ်တုန်းကမှ မတွန့်ဆုတ်ဘူး။ ကျမ အရက်မူးပြီး အန်ချရင် လက်ထိုးခံပေးဖို့လည်း ဝန်မလေးခဲ့ဘူး။ ကျမ တခါတုန်းက သူ့ကို ကျမ ပို့တဲ့စာကို နှစ်ဆယ့်လေးနာရီအတွင်း မပြန်တဲ့ကိစ္စနဲ့ ရမယ်ရှာပြီး အဆက်ဖြတ်ခဲ့ဖူးတယ်။ သူ့ကို စိတ်ကောက်ပြီး ပြင်ဦးလွင်မှာ တပတ်လောက် သွားနေခဲ့ဖူးတယ်။ ပြီးခဲ့တဲ့ ဗယ်လင်တိုင်းကာလမှာပေါ့။

ဟိုမှာနေတဲ့ ကာလတလျှောက်လုံး သူပို့သမျှ စာတွေကို အကန်တွေပဲ ပြန်ပြီး ပြန်ရောက်လာတဲ့ရက်ကိုလည်း သူ့ကို အသိမပေးခဲ့ဘူး။ ပြန်ရောက်ပြီးချိန်မှာလည်း အိမ်ထဲမှာပဲ အောင်းနေဖြစ်ခဲ့တယ်။ ရတ်တရက် သူ့ကို ကျမ အဆက်အသွယ် မလုပ်တော့တဲ့အခါ မောင်မောင်ဟာ ကျမခင်ပွန်း ကိုကို့ဆီကို ဖုန်းဆက်ပြီး ကျမ ဘယ်မှာလဲလို့ မေးပါတော့တယ်။

ဒီကောင်ကတော့ ငါ့ကို မျက်စိအောက်က အပျောက်မခံနိုင်အောင် ဖြစ်နေပြီ၊ ဒီကောင့်ဘဝမှာ ငါ မရှိလို့ မဖြစ်ဘူးလို့ စိတ်နဲ့တော့ ကြံဖန်ဂုဏ်ယူပြီး မာန်တက်ချင် တက်နိုင်တာပေါ့နော်။ ဒါပေမဲ့ ဒီအရာတွေဟာ လက်တွေ့ဘဝမှာတော့ အနှောင့်အယှက်တွေ ဖြစ်လာခဲ့ပါတယ်။ ကျမ အိမ်ပြန်ရောက်နေတယ် ဆိုတာ သိသွားခဲ့တဲ့ မောင်ဟာ ဆိုင်းမပါ ဗုံမဆင့်ဘဲနဲ့ ကျမအိမ်ကို နေ့လယ်ဘက်ကြီး ရောက်လာခဲ့ပါတယ်။

ကျမတို့ အိမ်မှာက ကျမတို့လင်မယားရယ်၊ တရက်ခြား တခါလာတဲ့ အိမ်အကူ အမကြီးရယ်က လွဲရင် ဘယ်သူမှတော့ မရှိတတ်တာများပါတယ်။ မောင်ရောက်တဲ့ အချိန်က ကျမ ဟင်းချက်နေတဲ့ အချိန်ကြီး။ ဒီလိုအချိန်ဆိုရင် ကျမယောက်ျား မရှိတတ်မှန်း သိတဲ့ မောင်ဟာ


mgyoe.com

mgyoe.com
SAMPLE BOOK


အိမ်တံခါး Bell ကို အရူးတယောက်လို မရပ်မနား တီးနေခဲ့တယ်။ ကျမ စိတ်တိုတိုနဲ့ တံခါးဖွင့်ပေးလိုက်တဲ့အခါ ကျမကို တွန်းပြီး အိမ်ထဲ ဝင်လာတယ်။

အိမ်တံခါးတွေ ပြန်ပိတ်ပြီး ရန်ဖြစ်မယ် ဆိုတဲ့ စိတ်နဲ့ သူ့ဘက်ကို လှည့်လိုက်တဲ့အခါ မောင့်မျက်နှာဟာ ပြုံတော့မယ့် မိုးလို။ 'ခင်ဗျားပဲ အကျင့်ပါအောင် လုပ်ပြီး ခင်ဗျားပဲ ပစ်ထားခဲ့ဖို့ ကြိုးစားနေပြီ မဟုတ်လား' လို့ ကျမ ပခုံးတွေကို လှုပ်ခါပြီး မေးတယ်။ မောင်မောင့်ဆီကနေ ကျမ အရက်နံ့တွေ ရနေတယ်။ 'အရက်တွေ သောက်ပြီး ဘာလို့ ကျမ အိမ်ကို လာတာလဲ မောင်' လို့ မေးတော့ 'ခင်ဗျားလေး ကျုပ်ကို ပစ်ထားတယ်' ဆိုပြီး ကျမခါးကို ဆွဲဖက်၊ ပခုံးပေါ်ကို ခေါင်းမှောက်ချပြီး ငိုတော့တာပဲ။

ငိုတတ်တဲ့ ယောကျ်ားတွေကို မကြိုက်ပေမဲ့ မောင်မောင့်လိုလူ ငိုတာဟာ ကျမအတွက် ထူးဆန်းတယ်။ ဒါပေမဲ့ တချိန်တည်းမှာပဲ အဲဒီမျက်ရည်တွေဟာ ကျမကြောင့် ဆိုတဲ့ စိတ်နဲ့ သူ့အပေါ် သနားရမယ့်အစား ငါ့အတွက် သူ ငိုနေတယ် ကြည့်စမ်းဆိုတဲ့ ကျေနပ်နေတဲ့ စိတ်ကြီးနဲ့ ကျေနပ်နေတာမျိုး ဖြစ်နေခဲ့တယ်။ ဘယ်လောက်တောင် စိတ်ပျက်စရာ ကောင်းလိုက်တဲ့ စိတ်ဓာတ်ကြီးတဲ့လဲ။ ကိုယ်က ချစ်ပါတယ်လို့ အရင်ပြောပစ်လိုက်လို့ ကိုယ့်အပေါ် ပြန်ချစ်ခဲ့တဲ့ ယောကျ်ားတယောက်အပေါ်မှာ ဒီလိုစိတ်မျိုးကတော့ မဖြစ်သင့်ဘူး မဟုတ်လား။ ကျမရဲ့ Darkside ဘက် အခြမ်းက ကိုယ့်ကိုယ်ကိုယ် ပြန်မြင်နေရတာ အတော်လေးကို အော်ဂလီဆန်စရာ ကောင်းလွန်းနေခဲ့တယ်။

အဲဒီ Darkside ကို မြင်လိုက်ရလို့ ကျမ အလန့်တကြား ပြင်ဆင်လိုက်မယ်လို့များ ထင်လား။ ဟင့်အင်း၊ ငိုနေတဲ့ မောင့်ကို တွန်း


mgyoe.com

mgyoe.com SAMPLE BOOK



ဖယ်ပြီး 'ကျမ မအားဘူး။ ဟင်းချက်နေတယ်' လို့ အေးတိအေးစက် လေသံမာမာ မျက်နှာထားတင်းတင်းနဲ့ ပြောခဲ့တယ်။ နာကျင်နေပြီးသား လူကို ထပ်ပြီး ထိုးနှက်တဲ့ ရက်စက်မှုကို အရသာခံပြီး ကျမ သုံးခဲ့တယ်။

ကျမကလေ မောင်မောင့်ကို တစက်မှ မချစ်ဘူး။ ဒါပေမဲ့ ကိုယ်နဲ့ မဟုတ်ဘဲ သူ့အမျိုးသမီးနဲ့ သာယာပျော်ရွှင်နေတယ်လို့ ထင်ပြန်ရင်လည်း မနာလိုဘူး။ တကယ်ဆိုရင် သူ့ကို ကျမ တရားဝင် ပိုင်ထားတာမှ မရှိတာ။ မောင်မောင်ဟာ သူ့အမျိုးသမီးလေးနဲ့ ပုဂံကို သွားခဲ့ပြီး အတူတွဲရိုက်ထားတဲ့ ဓာတ်ပုံကို သူ့အမျိုးသမီးလေးက Profile picture အဖြစ် ထားခဲ့တာကိုတောင် ကျမ မနာလိုဘူး။ သဝန်တိုတာဟာ အချစ်လို့ တချို့ကတော့ ပြောကြတယ်။ ဒါပေမဲ့ ကျမ သိတယ်။ ကျမစိတ်ထဲမှာ မောင်မောင့်ကို သဝန်တိုနေတာ ဆိုတဲ့ ချစ်စရာကောင်းတဲ့ စိတ်မျိုး ထက် ငါ့အစာကို လာမလုနဲ့ဆိုတဲ့ မြေခွေးတကောင်ရဲ့ အစာမာန်တက် နေတဲ့ စိတ်မျိုး ဖြစ်နေတယ် ဆိုတာပဲ။

မောင်မောင့်ကို ကျမ မေးဖူးတယ်။ ကျမတို့အကြောင်း မောင့်အိမ်က သိသွားရင်ကော၊ ကျမယောကျ်ား သိပြီး မောင့်ကို လာမေးခဲ့ရင်ကော ဆိုတဲ့ မေးခွန်းတွေပေါ့။ မောင်မောင်က 'ဟုတ်တယ် လို့ ဝန်ခံ လိုက်မှာပဲ' လို့ပဲ ဖြေခဲ့တယ်။ 'တကယ်လို့ ကျမရဲ့ ကိုကိုကသာ ကျမကို အဆက်အသွယ် ဖြတ်ဖို့ မောင်မောင့်ကို ပြောလာခဲ့ရင် မောင် ဘာလုပ်မလဲ' လို့ ထပ်မေးတော့ 'ကျွန်တော်က ခင်ဗျား မဟုတ်ဘူးလေလို့ တခွန်းပဲ ပြောစရာရှိတယ်' တဲ့။ အဖြေတွေဟာ ခဏ တဖြုတ်အတွက်တော့ သာယာနာပျော်ဖွယ်တွေချည်းပါပဲ။

စိတ်လိုလက်ရ ရှိလာတိုင်း ခင်ဗျားလေးလက်ကို ဆွဲပြီး ထွက်ပြေးသွားချင်တယ်လို့ ပြောတတ်တာမျိုးတွေ။ မူးလာတိုင်း



mgyoe.com

mgyoe.com SAMPLE BOOK



အတင်းဆွဲဖက်ထားပြီး ဘာဖြစ်လို့များ ခင်ဗျားလေးကို နေ့တိုင်း ဖက်ထားလို့ မရနိုင်တာလဲလို့ ပေါက်ကွဲတာမျိုးတွေ။ ခင်ဗျားက ကျွန်တော်ကို ထားသွားဖို့၊ ကျွန်တော်နဲ့ အဝေးကြီးကို ထွက်ပြေးသွားဖို့ပဲ ကြိုးစားနေတာ မဟုတ်လားလို့ စွပ်စွဲတာမျိုးတွေဟာ ကျမနဲ့ မောင်မောင် ကြားက ချည်ထားတဲ့ ကြိုးတွေပါပဲ။ ကျမကို မရနိုင်လို့ အရူးအမူး စွဲလမ်းနေတာဆိုပြီး မောင်မောင့်ရဲ့ နာကျင်မှုတွေကို ပြုံးပြုံးကြီးကျေနပ်ပြီး စောက်တလွဲ အတ္တကြီးတွေနဲ့ ဂုဏ်မောက်နေခဲ့တယ်။

မောင်မောင့်ကို လိင်ကိစ္စ တခုတည်းအတွက် အသုံးချခဲ့တယ်လို့ ပြောခဲ့ပေမဲ့ အချိန်ကြာလာတဲ့ အခါမှာတော့ လူနှစ်ယောက်ရဲ့ကြားက ဆက်နွယ်မှုဟာ အင်အားကြီးလာခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ မောင်မောင်က ကျမနဲ့ ရှူးသွပ်မှု ဒီဂရီတွေမှာ အမီလိုက်နိုင်တယ်။ ကိုကိုက လူကြီးဆိုတော့ ကျမ လုပ်တာတွေကို သူ လိုက်မလုပ်နိုင်ဘူး။ ကျမကို စိတ်ချမ်းသာအောင် အမြဲတမ်း အလိုလိုက်တတ်တာက လွဲရင် ကျမနဲ့ ဘက်မညီဘူး။ ကိုကို့အပေါ်မှာ ဖောက်ပြန်နေမိလို့အားနာမိနေပေမဲ့ မောင်မောင်နဲ့ အတူရှိရမယ့် အချိန်တွေကို ရပ်တန့်ပစ်ဖို့လည်း ကျမ မလုပ်နိုင်ခဲ့ဘူး။

ကိုကို့ကို သူငယ်ချင်းတွေနဲ့ ကလပ်သွားမယ်၊ Bar သွားမယ်လို့ ပြောပြီး ညဘက်ကြီး အိမ်ကနေ ထွက်၊ မောင်မောင်နဲ့အတူ ဆိုင်ခပ်သေးသေးလေးမှာ အရက်သောက်၊ ပါလာတဲ့ မုန့်တွေ ရှိုက်၊ မူးလာရင် မြစ်ကူး တံတားပေါ် ဟိုဖက်ကမ်း ဒီဘက်ကမ်းကို လက်ချင်းတွဲပြီးအပြန်အလှန် လျှောက်၊ ပေါက်ကရတွေ ပြော... ဝိတွေ ပြဲပြီး အကျယ်ကြီးရယ်၊ အမှောင်ရိပ်တွေမှာ အရူးအမူး Kissing ဆွဲ၊ ပြီးရင် ကြုံရာတည်းခိုခန်းကို ဝင်ပြီး ခပ်သွက်သွက် တကြောင်းဆွဲဖြစ်အောင်



mgyoe.com

mgyoe.com SAMPLE BOOK


ဆွဲကြတယ်။ ဘဝမှာ စိတ်သွားတိုင်း ကိုယ်ပါပြီး ကိုကို မသိအောင် လုပ်ချင်တိုင်းတွေ လုပ်ခွင့်ရနေတာကို အရမ်းကို ကျေနပ်နေခဲ့မိတယ်။

ဒါပေမဲ့ ဒီအရာတွေ အားလုံးကို ကိုကိုက ဘာမှ မသိခဲ့တာ မဟုတ်ပါဘဲနဲ့ ကျမတို့ ဘယ်လောက်အထိ ဝေးဝေး ဆက်သွားနေမှာလဲ ဆိုတဲ့ စိတ်နဲ့ တမင်သက်သက် စောင့်ကြည့်နေခဲ့တယ် ဆိုတာ ပါပဲ။

❑


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း- ၄

ကျမ မူးနေတယ်။ ခေါင်းထဲမှာ ဘယ်အရာမှ မရှင်းလင်းဘူး။ ကိုကိုက စကားတွေ အများကြီး ပြောနေတယ်။ ပြီးတော့ ကိုကို ငိုတယ်။ ရှိုက်ကြီးတငင်ကို ငိုတော့တာ။ ကိုကို ငိုနေတာကို ကြည့်ပြီး ကျမ ဝမ်းနည်းလာတယ်။ မောင်မောင် ငိုနေတုန်းက ကျမ ပြုံးနေခဲ့ဖူးတာလေ။ ကိုကို ငိုနေတာကို ကျမ ဘာလုပ်ပေးရမယ် ဆိုတာ မသိဘူး။ ကျမက စိတ်ပဲ ကောက်တတ်တာ မချော့တတ်ဘူး။ ဘာလုပ်ပေးရမလဲ။

ကျမ စိတ်တွေ တင်းကျပ်လာတယ်။ အိမ်ကြီးက မွန်းကျပ်လာတယ်လို့ ကျမ ခံစားရတယ်။ 'အပြင်သွားရအောင်' လို့ ကျမက ပြောတော့ ကိုကိုက နားမလည်နိုင်သလို ကြည့်ပေမဲ့ ကားသော့ယူပြီး လိုက်လာတယ်။ ကားပေါ်မှာ ကိုကိုက ကျမကို မေးတယ်။ 'ကိုကို တယောက်တည်းနဲ့ မလုံလောက်ဘူးလား' တဲ့။ ကျမမှာ ဖြေစရာစကား မရှိဘူး၊ မလုံလောက်ဘူးလို့ ပြောလိုက်ရင် ကိုကို့မာနကို ထိပါးမှာလား။



mgyoe.com

mgyoe.com SAMPLE BOOK



ဒါမှမဟုတ် ကိုကိုက ကျမကို လိင်သရမ်းချင်တိုင်း သရမ်းတဲ့ မိန်းမလို့ မြင်မှာလား။

ကိုကိုက ကျမနဲ့ အနာဂတ် Plan တွေ သူ့ဆီမှာ ဘယ်လို ရှိတဲ့အကြောင်း၊ အရင်တုန်းက သူချစ်ခဲ့တဲ့ကောင်မလေး ကျမဟာ အခုအချိန် ကျမလို မဟုတ်တဲ့အကြောင်း၊ သူ့ကို သဲသဲလှုပ် ချစ်ခဲ့တာတွေ၊ ကျမတို့ အမှတ်တရတွေကို နာကျင်နေတဲ့ လေသံနဲ့ ပြန်ပြောနေတဲ့ အချိန်မှာ ကျမ ခေါင်းထဲမှာ အားလုံး ဟာလာဟင်းလင်းပဲ။ ကျမ စိတ်ထဲကနေ အောင်လရဲ့ အချိန်လွန်ငှက်သီချင်းကို အကျယ်ကြီး အော်ဆိုနေမိတယ်။

မဟုတ်ဘူး...။ ငါ ကိုကို့စကားတွေကို နားထောင်ပေးရမှာ၊ ငါ ကိုကို့ကို နှစ်သိမ့်ရမှာလို့ ကိုယ့်ကိုယ်ကိုယ် သတိပေးတယ်။ မရဘူး၊ ခေါင်းထဲက သီချင်းသံကို မောင်းထုတ်လို့ မရဘူး။ ကိုကိုက ကားကို အရှိန်မြင့်ပြီး မောင်းနေတယ်။ မိုးနည်းနည်း ရွာထားလို့ ကားမှန်ပေါ်မှာ တင်နေတဲ့ မိုးရေစက်ကလေးတွေဟာ ကားရဲ့ လေအရှိန်မှာ လှုပ်ခါပြီး လွင့်ထွက်သွားတာကို ကျမ လိုက်ငေးကြည့်နေမိတယ်။ ကျမ ပတ်ဝန်းကျင်မှာ နာရီတွေက ရပ်တန့်လုနီးပါး အနှေးဆုံးအရှိန်နဲ့ လာပြီး လည်ပတ်နေသလိုပဲ၊ ရေမော်လီကျူးကလေးတွေ အလုံးလိုက် ပြိုကွဲသွားတာကို တောင် မြင်နေရသလိုမျိုး။

'ပြောဦး... ကလေး... ကိုကို ဘာလုပ်ပေးရမလဲ'

ကျမ မကြားလိုက်ဘူး၊ ကိုကို ဘာကို ပြောခိုင်းနေတယ် ဆိုတာကို။ ကိုကို့ကို ပြန်ကြည့်နေတဲ့ ကျမ မျက်လုံးတွေက ဗလာသက်သက်ပဲ။ ကျမ ဘာမှကို မသိဘူး။ ကျမကိုယ် ကျမ ကိုကိုနဲ့ စကားပြောတဲ့ ဇာတ်ဝင်ခန်းကို ရိုက်နေတဲ့ ရုပ်ရှင်ကို ထိုင်ကြည့်နေရသလိုမျိုး မြင်နေတယ်။



mgyoe.com

mgyoe.com SAMPLE BOOK


ကြည့်တာတောင်မှ မိုးအေးအေးမှာ လုပ်စရာမရှိလို့ လာချင်ရာ လာနေတဲ့ တီဗွီကနေ ပြချင်ရာ ပြနေတာကို ဇာတ်လမ်း တဝက်လောက်မှ ပျင်းရိပျင်းတွဲ ဝင်ကြည့်တဲ့သူလို ဖြစ်နေတယ်။ ကျမ မြင်နေရတဲ့ စောက်ကောင်မဟာ ဘာတွေတွေးနေလဲလို့ ကျမ မသိဘူး။ ကျမကတော့ သူ့အနေနဲ့ ကိုကို့ကို တခုခု တုံ့ပြန်ဖို့ လိုနေတယ်ဆိုတာ သိတယ်။ ဒါပေမဲ့ ကျမဆီမှာ 'ဟဲ့..ဘာလုပ်လိုက်လေ၊ သူ့ကို ဘယ်လိုပြောလိုက်လို့' သူ့ကို အကြံပေးချင်လောက်တဲ့ စိတ်ကို မရှိဘူး။

ကိုကိုက သူ့ကားကို မိုတယ်တခုရဲ့ ခြံထဲမှာ ရပ်လိုက်တယ်။ ဒါ ဘယ်နေရာလဲ ဆိုတာလည်း ကျမ မမေးမိဘူး။ ကိုကို့နောက်ကနေ ခြေလှမ်းမှန်မှန်နဲ့ပဲ လိုက်သွားတယ်။ ကိုကိုက Reception မှာ အခန်းယူနေတယ်။ Lobby ထဲက မှန်ပေါ်မှာ ကျမကိုယ် ကျမ မြင်နေရတယ်။ မျက်နှာမှာ ဘာခံစားချက်မှ မရှိဘဲ မျက်လုံးအသေတွေနဲ့ မျက်နှာ။ ကျမ ဆံပင်တွေက ဖွာဆန်ကျဲနေတယ်။ ကိုကိုက ကျမလက်ကို ဆွဲပြီး ခေါ်သွားတယ်။

အခန်းထဲကို ရောက်လာတယ်။ ကိုကိုက ကျမကို ခဏနေခဲ့ဦးလို့ ပြောပြီး အပြင် ပြန်ထွက်သွားတယ်။ သောက်စရာ တခုခု သွားဝယ်တာလား ဘာလုပ်ဖို့ သွားတယ် ဆိုတာ ကျမ မသိဘူး။ ခုတင် ခေါင်းရင်းက ခန်းစီးစကို ဘေးဘက်ကို ဆွဲလိုက်တယ်။ ခုတင်ပေါ်ကို အသာလှဲချပြီး ခေါင်းရင်းက မှန်ပြတင်းပေါက်ကို ရည်ရွယ်ချက်မရှိ ငေးနေခဲ့တယ်။ အဝေးကြီးမှာ သာနေတဲ့လကို ကျမတို့ အခန်းခေါင်းရင်းက သစ်ပင်ရဲ့ သစ်ကိုင်းတွေ ကြားကနေ တစွန်းတစ လှမ်းမြင်ရတယ်။

ကျမ အတွေးထဲမှာ အခုက လပြည့်နေ့လား...၊ ငါ ဘာလို့ မသိတာလဲ။ မနက်ဖြန် ပြည့်မှာလား...၊ လပြည့်ဆိုရင် ငါ စားနေကျ မုန့်ဟင်း


mgyoe.com

mgyoe.com SAMPLE BOOK



ခါးဆိုင်က မထွက်လောက်ဘူး ဆိုတဲ့ ဘာမှ အရေးမပါတာတွေကိုပဲ တရစပ် တွေးနေတယ်။ ကိုကို ပြန်ဝင်လာတယ်။ ကျမကို တံခါးကို သော့ မခတ်ထားလို့တဲ့ ဆူနေတယ်။ ကျမ ကိုကို့ကို ခုပဲ ပြန်လာမှာ မဟုတ်လားလို့ ပြန်ပြောဖြစ်တယ်လို့ ထင်တယ်။

ကိုကို ကျမနားကို တိုးလာတယ်။ သူ့ခါးက ခါးပတ်ကို ဆွဲဖြုတ်တယ်။ ကျမ နာမည်ကို ခေါ်တယ်။ ပြီးတော့ 'သိပ်ဆိုးနေတယ် ဟုတ်လား' တဲ့။ ကိုကို့မျက်လုံးတွေက တောက်ပြောင်နေပေမဲ့ အပြုံးတွေရော စကားသံတွေကပါ နွေးထွေး နူးညံ့နေတယ်။ ကျမ မျက်လုံးထဲမှာ ချက်ချင်းပဲ မျက်ရည်တွေ ဝေ့တက်လာပြီး ဝမ်းနည်းလာတယ်။

ကိုကိုက ကျမလက်တွေကို နောက်ကျောဘက်ကို ပို့ပြီး လက်ကောက်ဝတ်ကို ခါးပတ်နဲ့ သေသေချာချာ ချည်တယ်။ ပြီးတော့ ထပ်မေးတယ်။ 'ကိုကိုနဲ့ မလုံလောက်ဘူးလား... ကလေး' တဲ့။ ကျမ ရှိုက်ကြီးတငင် ငိုချပစ်ချင်လာတယ်။ ကိုကိုက ကျမကို ခုတင်စောင်းမှာ ကန့်လန့်ဖြတ်ပြီး လှဲချပေးတယ်။ ခုနက ကျမ ကြည့်နေတဲ့ ပြတင်းပေါက်တွေကို မျက်နှာချင်းဆိုင်ပြီးတော့ပေါ့။ သူကတော့ ခုတင်အောက်မှာ မတ်တတ်ရပ်နေတယ်။

ကိုကို့ကို ကြည့်ရတာ ခါတိုင်းအချိန်တွေထက် လူကောင်ပိုထွားလာတယ်လို့ မြင်နေမိတယ်။ အင်္ကျီကြယ်သီးတွေကို အကုန်ဖြုတ်ပြီး ရင်ဘတ်ကို ဟ ထားတယ်။ သူထားတဲ့အတိုင်း ခွေခွေကလေး လှဲနေတဲ့ ကျမကိုယ်ကို ကွေးသွားအောင် လက်နဲ့တွန်းတယ်၊ ပြီးတော့ သူ့ဘောင်းဘီကို ဇစ်ဖြုတ်လိုက်တယ်။

ခါတိုင်းအချိန်တွေမှာ ကိုကို လုပ်ပေးတတ်တဲ့ အပြုအစုအယုအယတွေ ဘာမှ မလာတော့ဘူး။ ကျမ ကိုကို့ကို ဗလာမျက်လုံးတွေနဲ့



mgyoe.com

mgyoe.com SAMPLE BOOK



ဆက်ကြည့်နေမိတုန်း ရုပ်ရှင်မှာ လာနေတဲ့ ၁၈+ ဇာတ်ဝင်ခန်းတခုလို ကျမ မြင်မိနေတုန်းပဲ။ ကိုကိုက ကြမ်းတယ်။ ကျမ တင်ပါးမှာ လက်ဝါးရာတွေ ထင်တဲ့အထိ မညှာတမ်း ရိုက်တယ်။ 'အော်စမ်း...' တဲ့။ ဟင့်အင်း... ကျမ မအော်ချင်ပါဘူး။ မျက်နှာကို တတ်နိုင်သမျှ အိပ်ရာခင်းဆီကို ကပ်ထားလိုက်တယ်။ ကျမ ကိုယ်လုံးအောက် ပိနေတဲ့ စောင်ကို ပါးစပ်ထဲထည့်ပြီး မအော်မိအောင် ကိုက်ထားမိသေးတယ် ထင်တာပဲ။

'အဲဒီကောင်ကို ချစ်လား' တဲ့။ ကျမ ခေါင်းခါပြလိုက်တယ်။ 'အေး.. မချစ်ရဘူး၊ ကြားလား' တဲ့။ ကျမ ခေါင်းညိတ်ပြမိတယ် ထင်တာပဲ။ ကျမ ရပ်တန့်လိုက်ချင်ပြီ၊ မနာသလို ဘာ Feeling မှကို မရှိဘူး၊ ဒါက မပြီးနိုင်သေးဘူးလားလို့ တွေးနေမိတာပဲ ရှိတယ်။ ကျမ လက်က ခါးပတ်ကို ဖြည်ပေးလိုက်ပေမဲ့ လက်က သွေးမလျှောက်လို့ ကျဉ်နေတုန်းပဲ။ ကိုကို ကျမကို ဘာတွေ ဘယ်လိုလုပ်နေနေ ကျမ ခေါင်းထဲက သီချင်းသံကြီးကတော့ လုံးဝကို ပျောက်မသွားဘဲ ပိုတောင် ကျယ်လောင်လာသလိုပဲ။

'ခံစားတတ်တယ်၊ နာကျည်းတတ်တယ်...၊ ငါမမေ့တတ်လို့ သံသရာလည်... ဒါ လှည့်ဖျားခြင်းပဲ၊ ဒါ ကံတရားပဲကွယ်... ငါနိုးထမှ နှလုံးသားတခုကို... မင်းက ငါ့ကို စတေး...'

❑



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း- ၅

အပြင်မှာ မိုးတွေသည်းနေတာကို ပြတင်းပေါက်ကနေ ကျမ ထိုင်ငေးနေခဲ့တယ်။ အုန်းလက်တွေဟာ လေတွေကြားမှာ တရှဲရှဲ မြည်အောင် ရုန်းခါလို့။ လှမ်းမြင်နေရတဲ့ ပင်လယ်ဟာ မိုးရေတွေ ကြားမှာ ဝေဝါးနေတယ်။ သူ့အချိန် မဟုတ်လို့ ဟိုတယ်က မီးမပေး တော့လို့ အခန်းက နည်းနည်း မှောင်နေတယ်။ အပြင်က မိုးရေထဲကို ထွက်ဖို့ကိုလည်း ကျမ စိတ်မပါဘူး။ Beatles ရဲ့ Hey Jude ကို Cover ပြန်တီးထားတဲ့ Classic Heaven ရဲ့ ဂစ်တာသံကို ဖုန်းကနေ တိုးတိုး ကလေး ဖွင့်ထားလိုက်မိတယ်။

Hey Jude, don't make it bad

Make a sad song and make it better..

ကျမ ပြေးထွက်လာတာ မှန်ရဲ့လား၊ မသိဘူး။ အခုတလော အမှန်တွေ၊ အမှားတွေကို ကျမ သိပ်ပြီး မခွဲခြားချင်ဘူး...။ ခွဲလည်း မခွဲ



mgyoe.com

mgyoe.com
SAMPLE BOOK


ခြားနိုင်လောက်ဘူး ထင်တယ်။ ကိုကိုနဲ့ ပြဿနာ ဖြစ်ပြီးတဲ့ နောက်မှာ ကျမ ဒီကို တယောက်တည်း ထွက်လာခဲ့တာ။ ဒါပေမဲ့ ကျမ မနက်ဖြန် ပြန်ရမယ်။ ဒီကမ်းခြေကို ရောက်နေတာ ဒီနေ့နဲ့ဆို ၉ ရက် ရှိပြီ။ ဒီထက် ကြာကြာ ပစ်ထားလို့မရတဲ့ တာဝန်တွေ၊ ဝတ္တရားတွေ ကျမ ထမ်းထား ရတာ ရှိနေသေးတယ်။

အခန်းထဲက အမှိုက်ပုံးကလေးမှာ Wood's ဆိုတဲ့ ချောင်းဆိုး ပျောက်ဆေးပုလင်းခွံတွေ များနေပြီ။ ခုတလော အရက်တွေက ကျမကို မမူးစေတတ်တော့သလို ဖြစ်နေပေမဲ့ အဲဒီ ချောင်းဆိုးပျောက်ဆေးကို 30 ml လောက် သောက်ပစ်လိုက်တာနဲ့ ရီဝေပြီး ချာချာလည်လာရော။ အိပ်ပျော်သွားတာလား နိုးနေတာလားတောင် တခါတလေ မကွဲပြား ဘူး။ အဲဒီဆေးက ကျမကို အရာရာသော ခံစားချက်တွေကနေ လုံးဝ ကင်းလွတ်စေသလိုမျိုးပဲ။ ဟိုတယ်က ကလေးတွေကို အဲဒီဆေးတွေ သွားသွားဝယ်ခိုင်းပြီး ဒီမှာနေတဲ့ တောက်လျှောက်လုံး သောက်နေ ခဲ့တာ။

မိုးရေတွေကို ထိုင်ငေးနေရာကနေ စားပွဲပေါ် တင်ထားတဲ့ လက်ကျန် ဆေးရည်ပုလင်းလေးကို လှမ်းယူမလို့ ဟန်ပြင်နေတဲ့ ကျမ ဘေးကို မောင်မောင် ရောက်လာတယ်။ ကျမ လက်တွေကို ဆွဲထားပြီး ကော်ဖီပူပူတခွက်ကို လက်ဖဝါးနှစ်ဖက်ထဲကို ထည့်ပေးတယ်။ ကျမ မျက်လုံးတွေကို စိုက်ကြည့်ပြီး ခေါင်းကို ယမ်းပြပြီး အသံတိတ်နည်းနဲ့ တားတယ်။ ကျမ ဝတ်ထားတဲ့ ကြိုးတချောင်းတည်းဂါဝန်က ပခုံးကြိုး တဖက် လျောကျနေတာကို အသာဆွဲတင်ပေးတယ်။ ပြီးတော့ ကျမ နောက်ကနေ ကပ်ထိုင်ပြီး ကျမ ပခုံးပေါ်ကို သူ့ခေါင်းတွေ မှီထားတယ်။

ဒီလိုအချိန်မှာ ကျမကို ဘာတခွန်းမှ မမေးလို့၊ မပြောလို့ ကျမ


mgyoe.com

mgyoe.com SAMPLE BOOK


မောင်မောင့်ကို ကျေးဇူးတင်ရပါတယ်။ ပြီးတော့ အခုလိုအချိန်အထိ ကျမရဲ့အလိုကို အစွမ်းကုန်လိုက်တဲ့ ကိုကို့ကိုရောပေါ့။ ကျမ ထွက်လာခဲ့တာ တပတ်လောက်ကြာတဲ့ အချိန်မှာ ကိုကိုက ကျမကို ပြန်ခေါ်လာဖို့ မောင်မောင့်ကို လွှတ်ခဲ့တယ်။ 'ခင်ဗျား.. ရအောင် ပြန်ခေါ်လာမယ်ဆိုတာ ကျနော် ယုံတယ်' ဆိုတဲ့ စကားတခွန်းတည်းနဲ့ပါပဲတဲ့။

ဒါပေမဲ့ ကျမ ကိုကို့ကို ပြောပြချင်တာ ရှိနေတယ်။ ကျမ မောင်မောင် လာခေါ်လို့ ပြန်လိုက်မှာမျိုး မဟုတ်ဘူး ဆိုတာကို ကိုကို သိစေချင်တယ်။ ကျမ ပြန်လာသင့်လို့ ပြန်လာတာ။ ပြီးတော့ ကျမဟာ ထွက်ပြေးနေတာ မဟုတ်ဘဲ ခဏကလေး ရှောင်ထွက်သွားရုံပါ ဆိုတာကို သိစေချင်တယ်။ ကျမ ဒါကြောင့် ဘယ်ကိုသွားမယ် ဆိုတာကို ကိုကို့ကို အသိပေးခဲ့တဲ့အပြင် ဖုန်းကိုလည်း တရက်မှ ပိတ်မထားခဲ့တာ။ ဖုန်းခေါ်သမျှကို မကိုင်ချင်လို့ မကိုင်ဖြစ်တာက လွဲရင်ပေါ့။

မိုးတွေ ပိုသည်းလာတယ်။ ကိုင်ထားတဲ့ ကော်ဖီခွက်က အနွေးဓာတ်တွေလည်း တဖြည်းဖြည်း လျော့သွားပြီ။ Repeat နဲ့ ဖွင့်ထားတဲ့ Hey Jude သီချင်းကလည်း ဆက်ပွင့်နေတုန်းပဲ။ ကျမရဲ့ နားရွက် နောက်ကို မောင်မောင် အသာကလေး နမ်းလိုက်တာကို ခံစားရတယ်။ ပြီးတော့ နားရွက်ဖျားကို ဖွဖွကလေး ကိုက်တယ်။ ကျမ မျက်လုံးတွေကို မှိတ်ထားလိုက်တယ်။

မောင်မောင် ကျမရဲ့ အောက်နှုတ်ခမ်းကို သာသာကလေး နမ်းယူလိုက်တဲ့ အချိန်မှာ ကျမ ခေါင်းထဲကို စကားလုံးတချို့ ရောက်လာတယ်။ ဘယ်မှာ ဖတ်ကြည့်ဖူးတဲ့ စာကြောင်းလဲ ဆိုတာကိုတော့ ကျမ မမှတ်မိတော့ဘူး။ 'မေတ္တာအရရော... လိင်စိတ်အရပါ ရှင့်ကို ချစ်တယ်' တဲ့။ ဒါပေမဲ့ ကျမရဲ့ ပြဿနာကတော့ မေတ္တာအရ ကိုကို့


mgyoe.com

mgyoe.com
SAMPLE BOOK


အပေါ်မှာ ချစ်ခင်မြတ်နိုးခဲ့ပြီး၊ မောင်မောင့်အပေါ်မှာ လိုင်စိတ်အရ တပ်မက်နေခဲ့တာပါပဲ။

အခုအခြေအနေမှာတော့ မေတ္တာတရားဆီကရော လိုင်စိတ်ဆီကပါ ကျမ ရှောင်ပြေးပုန်းခိုချင်နေခဲ့တယ်။

❑


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း- ၆

အပြင်မှာ တဖြည်းဖြည်း မှောင်လာပြီ။ ကျမ အခုထိ အိပ်ခန်း မီးကို မဖွင့်ဖြစ်သေးဘူး။ အိမ်ခန်းတံခါးကို သော့ဖွင့်တဲ့ အသံကို ကြားတယ်။ မီးခလုတ်တွေ ဖွင့်သံ၊ တရှပ်ရှပ် လျှောက်လာတဲ့ ခြေသံတွေ။ အိပ်ခန်းတံခါးက ကလစ်ခနဲ မြည်ပြီး ပွင့်လာတယ်။ တဆက်တည်း မှာပဲ အိပ်ခန်းမီး ဖွင့်သံနဲ့အတူ ကျမ အနားကို ကိုကို ရောက်လာတယ်။

ငွေဆောင်ကနေ ကျမကို မောင်မောင် လိုက်ခေါ်လာပြီး အိမ်ကို ပြန်ရောက်ကတည်းက ကျမ ကိုကို့ကို မျက်နှာချင်း မဆိုင်ဘဲ ရှောင်နေခဲ့တယ်။ မျက်နှာချင်း မဆိုင်ချင်ဘူး ဆိုတာ မုန်းလို့ မဟုတ်ဘူး။ မုန်းခြင်း မုန်းရင် ကိုကိုကသာ ကျမအပေါ်မှာ မုန်းရမှာ။ အခု ကျမ ဖြစ်နေတာက ကိုကိုနဲ့ ပတ်သက်တဲ့ စိတ်မလုံခြုံမှု၊ ကိုကို့အပေါ် ကျမရဲ့ လော်လည်မှု၊ ကိုကို ကျမ အပေါ်မှာ ပေးလာတဲ့ ကြင်နာမှုတွေ၊ ညှာတာမှုတွေဟာ ကျမနဲ့ ဘယ်လိုမှ မထိုက်တန်ဘူးလို့ ထင်ယောင်နေမှုတွေ။ ကိုကို့အနေနဲ့ ကျမကို ခွင့်မလွှတ်သင့်ဘူး။

ကျမ လုပ်ခဲ့သမျှ အားလုံးကို ကျမ နောင်တရနေတာ ရှိလား လို့ မေးလာခဲ့ရင် ကျမ နောင်တရနေတာတွေ ရှိတယ်။ တချို့ကိစ္စတွေမှာ


mgyoe.com

mgyoe.com SAMPLE BOOK


ကျမ တကယ်ပဲ အရမ်းကို နောင်တရတယ်။ ဒါပေမဲ့ အဲဒါကို ကျမ ဘယ်တော့မှ ဝန်ခံမှာ မဟုတ်ဘူး။ ကျမ အကျင့်ကိုက ကိုယ့်ရဲ့ အားနည်းချက်တွေ၊ ကိုယ့်နာကျင်မှုတွေ၊ ကိုယ့်ရဲ့ အပြစ်တွေကို တခြားသော ဥဒ္ဓိတခုနဲ့ အပြေးအလွှား ပုန်းကွယ်ပစ်တတ်တယ်။ အခုလည်း ကျမ ကိုကိုနဲ့ ပတ်သက်ပြီး ဝမ်းနည်းနေပေမဲ့ ဘာခံစားချက်မှ မရှိသလို၊ ကိုကို့ခံစားမှုတွေကို ဘယ်တုန်းကမှ ဂရုမထားခဲ့ဖူးသလို ကျမ ဟန်ဆောင်နေခဲ့တယ်။

ကျမ အနားကို ရောက်လာပြီး ခုတင်ပေါ်မှာ ခွေခေါက်ပြီး လှဲအိပ်နေတဲ့ ကျမကို ကိုကိုက နမ်းတယ်။ ကိုကို့ဆီကနေ ဝီစကီနံ့၊ ချွေးနံ့နဲ့အတူ အမျိုးသမီးသုံး ရေမွှေးနံ့ မျှင်မျှင်ကလေး တခုကို ရတယ်။ ကျမ ရင်ထဲမှာ စူးကနဲ နာသွားတယ်။ အဲဒီလို နာသွားလို့လဲ ကိုယ့်ကိုယ်ကိုယ် မုန်းတယ်။ ကျမကျတော့ သာယာချင်တိုင်း သာယာနေသလောက် ကိုကို့မှာ နောက်တယောက် ရှိလာမှာကို ကြောက်နေတယ်တဲ့လား။ ကျမစိတ်က ရွံစရာ သိပ်ကောင်းတာပဲ။

အခန်းထဲမှာ ဟိုဟိုဒီဒီ လျှောက်နေတဲ့ ကိုကို့ အသံတွေကို နားထောင်နေရင်း ကျမ မွန်းကျပ်လာတယ်။ ကျမ ထွက်ပြေးချင်နေတုန်းပဲ။ ကျမ ကိုကိုနဲ့ မျက်နှာချင်း မဆိုင်ချင်ဘူး။ ကိုကို ကျမ ဘေးမှာ ရှိနေရင် ကျမကို ရေထုထဲကို ဆွဲနှစ်ထားသလို လေးပင် မွန်းကျပ်တဲ့ ခံစားချက်ကြီး ဖြစ်နေတယ်။ ရေချိုးခန်းထဲကို ကိုကို ဝင်သွားတဲ့အသံကို ကြားရတယ်။ မရဘူး။ ကျမ မနေနိုင်တော့ဘူး။

ဝတ်ထားတဲ့ ဂါဝန်ကို ခေါင်းပေါ်ကနေ ကျော်ချွတ်လိုက်တယ်။ စားပွဲပေါ်က Wet Tissue ကို ယူပြီး ချွေးနံ့ ထွက်လောက်မယ့် နေရာတွေကို ပွတ်သုတ်လိုက်တယ်။ ရေမွှေး ဆွတ်တယ်။ မျက်နှာကို Toner


mgyoe.com

mgyoe.com SAMPLE BOOK


နဲ့ သန့်ပစ်ပြီး Serum လိမ်းတယ်၊ Cream လိမ်းတယ်။ Lip Plumer ဆိုးပြီး Lip Gloss ပဲ ထပ်ဆိုးလိုက်တယ်။ Lotion တွေ ပြန်လိမ်းတယ်။ ခေါင်းစွပ်ဟူဒီတထည်နဲ့ ဂျင်းဘောင်းဘီတိုကို ဝတ်လိုက်တယ်။ အားလုံးဟာ ငါးမိနစ်အတွင်း အဆင်သင့် ဖြစ်သွားတယ်။

ဘောင်းဘီတို အိတ်ကပ်ထဲကို ATM Card ရယ်၊ ပိုက်ဆံနည်းနည်းရယ် ထည့်ပြီး ဖုန်းကို ယူလိုက်တယ်။ ဆံပင်တွေကို ဆောင့်ဆွဲဖြီးချပြီး မြင့်မြင့်မှာ စုချည်လိုက်တယ်။ ကိုကို ရေချိုးခန်းက ထွက်လာတော့ ပြင်ဆင်ပြီးနေတဲ့ ကျမကို ကိုကိုက နားမလည်သလို ကြည့်ရင်း 'ကလေး အပြင်သွားမလို့လား' လို့ မေးတယ်။ ကျမက ခေါင်းပဲ ညိတ်ပြလိုက်တော့ 'ကားယူသွားဦးမလား' လို့ ထပ်မေးတယ်။

ကိုကိုရေ... ကျမကို တားလေ၊ ကာမပိုင်တယောက်ရဲ့ အာဏာတွေနဲ့ ကျမကို တားပါ။ အော်ပါ၊ ဆူပါတော့။ ကျေးဇူးပြုပြီး အရာရာကို အလိုလိုက် မနေပါနဲ့လား။

တနေရာရာမှာ မိန်းမတယောက်ဆီကနေ အသံကုန် အော်နေတဲ့ အဲဒီအသံတွေကို ကြားနေရတယ်။ တခြား နောက်ထပ် တနေရာက မိန်းမကတော့ မျက်နှာထားကို တင်းနိုင်သမျှ တင်းထားပြီး ဂရုမစိုက်သလို အထာနဲ့ အခန်းထဲကနေ အမြန်ဆုံးထွက်သွားဖို့ ကြံစည်နေတယ်။

ကျမ အလန့်တကြား သိလိုက်ရတာကတော့ အဲဒီနှစ်ယောက်စလုံးရဲ့ အသံဟာ ကျမ တယောက်တည်းပဲ ဖြစ်နေပြီး၊ သူတို့ဟာ ကျမရဲ့ စိတ်အတွင်းသားဆီကနေ ကိုယ့်ဆန္ဒတွေကို အပြိုင်အဆိုင် ဖော်ပြနိုင်ဖို့ အကြောက်အကန်ကို ကြိုးစားအားထုတ်နေကြတယ် ဆိုတာကိုပါ။

❑


mgyoe.com